


ADRA

# Mingalaba
# မင်္ဂလာပါ

I34 | January- February 23

## စောမိုး၏ ဇာတ်ကြောင်း

ကရင်ပြည်နယ်ရှိ လူငယ်များအား အသက်မွေးဝမ်းကြောင်း စွမ်းရည်မြှင့်တင်ပေးခြင်း

ADRA

# Mingalaba မင်္ဂလာပါ

ISSUE 34 | JANUARY- FEBRUARY 2023

## ADRA ၏ အကြောင်း

Adventist Development and Relief Agency (ADRA) သည် သတ္တမနေ့ကို မြော်လင့်ခြင်းအသင်းတော်၏ ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လက်ရုံးတော်အဖွဲ့တစ်ခုလည်းဖြစ်သည်။ ADRA သည် လူမျိုး၊ နိုင်ငံရေးဆက်နွယ်မှု၊ ကျား၊ မ သို့မဟုတ် ဘာသာရေးအသင်းအဖွဲ့တို့ကို ခွဲခြားခြင်းမရှိဘဲ နိုင်ငံပေါင်း 118 ကျော်ရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအကူအညီများကို ပေးအပ်လျက်ရှိသည်။ ဒေသခံလူမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွပူးပေါင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် ယဉ်ကျေးမှုအရ သက်ဆိုင်သော အစီအစဉ်များကို ပေးအပ်နိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော ပြောင်းလဲမှုအတွက်လည်း စွမ်းဆောင်ရည်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## ADRA Myanmar ၏ အကြောင်း

ADRA Myanmar သည် မြန်မာနိုင်ငံတွင် အသိအမှတ်ပြုမှတ်ပုံတင်ထားသော INGO တစ်ခုဖြစ်ပြီး ADRA ကွန်ရက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းလည်းဖြစ်သည်။ ၁၉၈၄ ခုနှစ် တွင် စတင်တည်ထောင်ခဲ့သော ADRA Myanmar သည် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကယ်ဆယ်ရေးအကူအညီများ ပံ့ပိုးပေးသည့် ADRA ကွန်ရက်အတွင်း ရှေးအကျဆုံးနိုင်ငံရုံးများအနက်မှ တစ်ခုလည်းဖြစ်သည်။ ADRA Myanmar သည် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အရေးပေါ်အခြေအနေတွင်တုံ့ပြန်ဆောင်ရွက်ခြင်းစသည့် အဓိကကဏ္ဍကြီးလေးခုဖြင့် စီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ADRA Myanmar ၏ ရုံးချုပ်မှာ ရန်ကုန်မြို့တွင် တည်ရှိပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင်လည်း ရုံးခွဲများကို ဖွင့်လှစ်ထားသည်။

# CONTENTS


၂ အယ်ဒီတာအဖွဲ့

၃ ဆောင်းပါး

၄ ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း

၅ ယခုလ ဓာတ်ပုံကဏ္ဍ

၆ နောက်ဆုံးရ စီမံကိန်း အချက်အလက်များ


# EDITORIAL


**EDITOR/TRANSLATOR**
Pyae Phyo Lin

**SUPERVISING EDITOR**
Vitalie Zegera

**CONTRIBUTERS**
Nilar Win Naing, Naw Htoo Eh Wah, Nang Nom Hsaing, Moe July Aung, May Thagyan Soe, David Cung Lan Thang , Aung Cho Min, Saw Dawait.

**PUBLISHER**
ADRA Myanmar


*'Mingalaba' is the official newsletter of ADRA Myanmar re-launched in March 2020. Photos and content are the property of ADRA Myanmar.



# စိုးမိုး၏ ဇာတ်ကြောင်း

ကျွန်တော့်နာမည်က စိုးမိုးဖြစ်ပြီး၊ ကျွန်တော်တို့မိသားစုက လယ်လုပ်ပြီး အသက်မွေးပါတယ်။ အခြားအလုပ်များကိုလည်း အခွင့်အရေးရရင်ရသလို လုပ်ပါတယ်။ အလုပ်အတွက် ကျွန်တော်တို့ ခက်ခဲတဲ့အချိန်တွေ အများကြီးရှိခဲ့ပါတယ်။

အခြေအနေအရပ်အရပ်ကြောင့် ရွာမှာ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးတာကလည်း စိန်ခေါ်မှုတစ်ခုဖြစ်လာပါတယ်။ လူငယ်နှင့် လူလတ်ပိုင်းတွေက အခြားနိုင်ငံတွေကို သွားရောက် အလုပ်လုပ်ကိုင်ကြခြင်းကြောင့် ရွာမှာလည်း လူကြီးတွေနဲ့ ကလေးငယ်တွေသာ အများစုကျန်ရှိပါတော့တယ်။

ADRA စီမံကိန်းကနေ အသက်မွေးဝမ်းကြောင်းသင်တန်းအကြောင်း ကြားသိရတဲ့အခါ ဆံပင်ညှပ်သင်တန်းကို စိတ်ဝင်စားလာပြီး အစီအစဉ်မှာ ပါဝင်ဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့ပါတယ်။

Norad နှင့် ADRA Norway မှ ရန်ပုံငွေထောက်ပံ့ပေးထားတဲ့ SEAQE2 စီမံကိန်းကဖွင့်တဲ့ ဆံပင်ညှပ်သင်တန်းကို တက်ရောက်ဖို့ ရွေးချယ်ခံရတဲ့အခါမှာလည်း ကျွန်တော်အနေနဲ့ ဝမ်းမြောက်ခဲ့ရပါတယ်။

သင်တန်းလေ့ကျင့်ရေးကာလမှာလည်း သက်ဆိုင်ရာပညာရပ်တွေကို သင်ယူနိုင်ခဲ့ပြီး ကျွမ်းကျင်မှုရှိဖို့နဲ့ အခြားကဏ္ဍတွေကိုပါ တိုးတက်အောင်ကြိုးစားသင်ယူခဲ့ပါတယ်။ ဆံပင်ညှပ်တာအပြင် အမျိုးသမီးဆံပင်အလှပြုပြင်ခြင်းအကြောင်းကိုလည်း ပိုမိုလေ့လာနိုင်ခဲ့ပါတယ်။

သင်တန်းနဲ့ အလုပ်သင်အစီအစဉ်ကနေ ဆံပင်အလှပြင်ခြင်းနှင့် ပတ်သက်ပြီး အသုံးဝင်တဲ့ ဘာသာရပ်တွေကိုလည်း သင်ယူလေ့လာနိုင်ခဲ့ပါတယ်။ SEAQE2 စီမံကိန်းမှ ပံ့ပိုးပေးသော e-learning သင်ခန်းစာများမှတစ်ဆင့် ကျွန်တော်ရဲ့ အနာဂတ်အသက်မွေးဝမ်းကြောင်းအတွက် ဗဟုသုတများစွာ ရရှိခဲ့သည်။ အထူးသဖြင့် e-Learning သင်ခန်းစာတွေက ငွေကြေးကို ပိုမိုစနစ်တကျစီမံခန့်ခွဲနိုင်ဖို့အတွက်နဲ့ လက်တွေ့အသုံးချနိုင်ဖို့ အကူအညီပေးပါသည်။

သင်တန်းပြီးတာနဲ့လည်း ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ဖို့ စီမံကိန်းကနေလည်း ထောက်ပံ့ကြေးရခဲ့ပါတယ်။ ကျွန်တော်ကိုယ်ပိုင်လုပ်ငန်းကို စတင်နိုင်ခဲ့ပြီး ကိုယ်ပိုင်ဝင်ငွေနဲ့ မိသားစုကို ထောက်ပံ့ဖို့အတွက် လစဉ်ဝင်ငွေလည်း ကိုယ်ပိုင်ဆိုင်လေးကနေ ရရှိနေပါတယ်။

အနာဂတ်မှာ ကျွန်တော်ကိုယ်ပိုင်လုပ်ငန်းလေး ပိုမိုအောင်မြင်လာမယ်လို့ မျှော်လင့်ပါတယ်။ ဆိုင်ကိုလည်း အချက်အချာကျပြီး လူဦးရေထူထပ်တဲ့မြို့ပြမှာ ဖွင့်နိုင်ဖို့ ရည်ရွယ်ထားပါတယ်။

> " ကရင်ပြည်နယ်က လူငယ်တွေအတွက် အခုလိုသင်တန်းတွေ ပံ့ပိုးကူညီပေးလို့ အလှူရှင်နဲ့ADRA ကို ကျေးဇူးတင်ပါတယ်။



ကျွန်ုပ်တို့ဝန်ထမ်း
နှင့်
တွေ့ဆုံခြင်း

# SAW PERRY SEIN

## Associate Finance Director

*Q1* **ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။**
ကရင်၊ မြန်မာ

*Q2* **အကြိုက်ဆုံးအစားအစာက ဘာပါလဲ။**
မုန့်ဟင်းခါးပါ။

*Q3* **အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။**
အပြာရောင်ပါ။

*Q4* **ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။**
ကြက်တောင်ရိုက်ရတာပါ။

*Q5* **ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားရောက်လည်ပတ်ချင်ပါသလဲ။**
Israel Country

*Q6* **ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။**
Simple

*Q7* **ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။**
2011

*Q8* **ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။**
မတူညီတဲ့သူတွေအချင်းချင်းကြားလုပ်ကိုင်ရတာကြောင့် ကြိုက်ပါတယ်။

ADRA

# JOIN OUR TEAM!

The Adventist Development and Relief Agency (ADRA) has been serving countries all over the world for more than 60 years to reach the most vulnerable communities and ADRA Myanmar is an 'implementing office' within the ADRA network.

Please visit our website **www.adramyanamr.org** or express your interest by emailing **recruitment@adramyanmar.org**

# PHOTO OF THE MONTH



## JANUARY

ဓာတ်ပုံရိုက်ကူးသူ

Pyae Phyo Lin

ဓာတ်ပုံ၏အကြောင်း

UNICEF မှ ရန်ပုံငွေထောက်ပံ့ပေးထားသော WC4P စီမံကိန်းမှတစ်ဆင့်လှိုင်းဘွဲ့မြို့နယ်တွင် အနုပညာနှင့် ယဉ်ကျေးမှု သဟဇာတပွဲတော်ကိုကျင်းပခဲ့ရာ ပွဲအတွင်း စီမံကိန်းလုပ်ရှားမှု ဓာတ်ပုံများကို ကြည့်ရှုနေသူများကို တွေ့ရှိရစဉ်။

# CONTACT US

**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: adramyanmar.org

# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ










## VESI

ယခုလတွင် LIFT မှ ရန်ပုံငွေထောက်ပံ့ထားပြီး မိတ်ဖက် AVSI နှင့် FRC တို့နှင့် အတူပူးပေါင်း ဆောင်ရွက်နေသော VESI စီမံကိန်းသည် အောက်ပါ လုပ်ရှားမှုများကို ပြီးစီးခဲ့သည်။

– ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့တွင် TVET အသိပညာပေးဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ၉၈ ဦး တက်ရောက်ခဲ့သည်။

– လားရှိုးမြို့တွင် ဇန်နဝါရီ ၁၉ ရက်မှ ၂၆ ရက် အထိ သင်တန်းသား ၂၀ ဦးအား Life Skills နှင့် Business Skills Training နှင့် SEA သင်တန်းများ ပို့ချပေးခဲ့သည်။

## RECAP

ReCAP စီမံကိန်းသည် ကရင်ပြည်နယ် အတွင်းအစားအသောက်မဟုတ်သော တစ်ကိုယ်ရေသန့်ရှင်းရေးသုံးအထောက်အကူပြု ပစ္စည်း(NFI)အရေအတွက် ၁၀၀၀ ကို ဖြန့်ဝေခဲ့သည်။

ရလဒ်အနေဖြင့် အိမ်ထောင်စု ၁,၀၀၀ (အမျိုးသား ၅၄၀၁ ဦး၊ အမျိုးသမီး ၄၆၀၇ ဦး) သည် ကိုယ်ဝန်ဆောင်အမျိုးသမီး ၄၁ ဦးနှင့် မသန်စွမ်းသူ ၇၉ ဦးတို့ အပါအဝင် အိမ်ထောင်စု ၁,၀၀၀ သည် ယင်းဖြန့်ဖြူးမှုမှ တိုက်ရိုက်အကျိုးခံစားရသည်ဖြစ်သည်။

စီမံကိန်းသည် တစ်ကိုယ်ရေသန့်ရှင်းရေးသုံး အထောက်အကူပြုပစ္စည်းများ ဖြန့်ဖြူးပေးမှု အတွင်း လူပေါင်း ၂၀၀၀ ကျော်ကိုလည်း ရပ်ရွာသန့်ရှင်းရေးမြှင့်တင်သူများက WASH NFI အသုံးပြုပြီး လက်ဆေးခြင်းအလေ့အကျင့်များကို လက်တွေ့သရုပ်ပြသင်ကြားခဲ့ကြသည်။








# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ










## JPF

ယခုလတွင် ADRA Japan နှင့် Japan Platform-funded JPF ပရောဂျက်သည် ကရင်ပြည်နယ်ရှိ အကျိုးခံစားခွင့်ရှိသူများသို့ အစားအသောက်များ ဝေငှခဲ့သည်။

ဖြန့်ဖြူးမှုအနေဖြင့် အိမ်ထောင်စု ၁၃၁၁ စု အတွက် ဆန် ၂၄ ကီလိုဂရမ်နှင့် အိမ်ထောင်စု ၅၉ စု (ဆန် ၄၈ ကီလိုဂရမ်၊ ဆီ ၃ လီတာ၊ ပဲ၊ ဆား၊ တာပေါ်လင်နှင့် ခြင်ထောင် ၂ စောင်) လက်ခံရရှိခဲ့သည်။

JPF စီမံကိန်းသည် ကရင်ပြည်နယ်အတွင်းရှိ ထိခိုက်လွယ်သူများအတွက် အစားအသောက်နှင့် ရောဂါကူးစက်မှုမှ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခြင်းအားဖြင့် ၎င်းတို့၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်စေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

## SEAQE2

ယခုလတွင် Norad နှင့် ADRA Norway တို့က ရန်ပုံငွေထောက်ပံ့ပေးထားသော SEAQE2 စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးစီးခဲ့သည်။

- ထားဝယ်ဒေသရှိ ACS ကျောင်းလေးကျောင်းနှင့် တောင်ငူဒေသရှိ IDP သင်ကြားရေးစင်တာများသို့ စုစုပေါင်းအကျိုးခံစားခွင့်ရှိသူ ၇၂၀ ဦး အတွက် သင်ကြားရေးပစ္စည်းများ ပေးအပ်ခြင်းလုပ်ငန်းမှာ အောင်မြင်စွာပြီးစီးခဲ့သည်။

- ထိရောက်သောသင်ယူမှုပတ်ဝန်းကျင်၊ ထိရောက်သော သင်ကြားမှု၊ ကျောင်းပိုင်းဆိုင်ရာ ခေါင်းဆောင်မှုတို့နှင့် ပတ်သက်၍ လှိုင်းဘွဲ့မြို့နယ်ရှိ ACS ကျောင်း ၅ ကျောင်းတွင် စောင့်ကြည့်လေ့လာရေးခြင်းလုပ်ငန်းမှာ အောင်မြင်စွာပြီးဆုံးခဲ့သည်။









# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ













## WC4P

UNICEF မှ ရန်ပုံငွေထောက်ပံ့ထားသော WC4P စီမံကိန်းသည် ယခုလအတွင်း အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့သည်။

– လှိုင်းဘွဲမြို့နယ်အတွင်း အနုပညာနှင့် ယဉ်ကျေးမှုသဟဇာတပွဲတော်ကို ကျင်းပခဲ့ရာ အဆိုပါ အခမ်းအနားသို့ ရပ်ရွာလူထု ၂၀၀ ကျော် တက်ရောက်ခဲ့သည်။ ယင်းနောက် ရပ်ရွာလူငယ်နှင့် ကလေးငယ်များကလည်း တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဖျော်ဖြေမှုများကို ပြဇာတ်တိုများဖြင့် ဖျော်ဖြေခြင်း၊ ရိုးရာအကနှင့် သီချင်းများသီဆိုဖျော်ဖြေခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

– ထို့ပြင် ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ကမ်ပိန်းကိုလည်း ကျေးရွာခေါင်းဆောင်များ၊ အမျိုးသား၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးငယ်များက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ အဆိုပါလှုပ်ရှားမှုအတွင်း ရပ်ရွာလူထုသည် အမှိုက်များကိုထုပ်ပိုးခြင်းနှင့် စွန့်ပစ်ပစ္စည်းများကို ခွဲခြားခြင်းအားဖြင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုကို လက်တွေ့လုပ်ဆောင်ခဲ့ကြသည်။

## SHAPE

MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေထောက်ပံ့ပေးထားသော SHAPE စီမံကိန်းသည် အိမ်တွင်းဥယျာဉ်စိုက်ပျိုးခြင်းသင်တန်းကို ကျင်းပပါသည်။ အဆိုပါသင်တန်းတွင် အိမ်တွင်းဥယျာဉ်စိုက်ပျိုးနည်းစနစ်များ၊ အရည်အသွေးကောင်း မျိုးစေ့ကောင်းများ ရွေးချယ်ခြင်းစသည်တို့ကို သင်ကြားခဲ့ပြီး သင်တန်းသို့ စုစုပေါင်း ၁၀၇ ဦး တက်ရောက်ခဲ့သည်။

– ရေဝေရေလဲထိန်းသိမ်းရေး ဆွေးနွေးပွဲကို လုံကာကျေးရွာအပါအဝင် ကျေးရွာလေးရွာတွင် ပြုလုပ်ခဲ့သည်။

– Carry Map သင်တန်းကို ကျေးရွာ ရှစ်ခုကို ကိုယ်စားပြု၍ အစုအဖွဲ့သုံးခုဖြင့် ပြုလုပ်ခဲ့သည်။ သင်တန်း၏အဓိကရည်ရွယ်ချက်မှာ Carry Map ကိုအသုံးပြုခြင်း၊ စိုက်ပျိုးမြေတိုးချဲ့ခြင်းနှင့် မြေယာစီမံခန့်ခွဲမှုတွင် ယင်းကို အသုံးပြုခြင်းတို့ကို ရင်းနှီးကျွမ်းဝင်စေရန်အတွက် သင်တန်းသားများ၏ မိုဘိုင်းဖုန်းများတွင် Carry Map အက်ပလီကေးရှင်းကို ထည့်သွင်းအသုံးပြုနိုင်ရန်ဖြစ်သည်။









# ဝန်ထမ်းသစ် မိတ်ဆက်





**TIN LAY MON**
Finance/ Logistics Admin Assistant
ReCAP Project



**NAY MYO TUN**
Driver
BRIGHT Project



**RAJAN PYDIMALLA**
Programs Director
Head Office



**FLORENTIA AMARASINGHE**
Emergency and Education Specialist
Head Office



**HLA HLA WAI**
Assistant Hygiene Promoter
WINs Project



**SAW KYAW LAIN**
Field Assistant (WASH Construction)
WINs Project



**KYI LWIN MOE**
Procurement & Logisitcs Officer
ReCAP Project

# ပြက္ခဒိန်



## ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 Union Day | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | | | | |

**UPCOMING EVENTS**

Timesheets are due on the 25th of each month

**‘MINGALABA’**
Next Volume:
15 March 2023

ADRA